Jesus Film Project®
A Cru Ministry

# ယေရှုကို

## သိမှတ်ယုံကြည်ခြင်း



သာသနာအဖွဲ့ငယ် အတွက်
၁၀ ပတ်တာ နည်းဗျူဟာ

# ယေရှုကို သိမှတ်ယုံကြည်ခြင်း

## သာသနာအဖွဲ့ငယ် အတွက်
## ၁၀ ပတ်တာ နည်းဗျူဟာ

Magdalena: Released From Shame *ရုပ်ရှင်ကို အသုံးပြုခြင်းဖြင့် ယေရှုသည် မည်သူဖြစ်ကြောင်း၊ သူ့နောက်လိုက်ခြင်းက မည်သို့ဆိုလိုကြောင်း လူများ ကောင်းစွာ သိနားလည်လာအောင် ကူညီပေးနိုင်ရန်။*

Jesus Film Project®
A Cru Ministry

# ဦးဆောင်သူ လမ်းညွှန်

## သင်၏အသိုင်းအဝန်းထဲတွင် ဘုရားသခင်၏နိုင်ငံတော် တည်ထောင်နိုင်ရန် အဓိပ္ပါယ်ရှိသော နည်းလမ်းဖြင့်  သူသည် သင့်အား အသုံးပြုပါလိမ့်မည်။

> ယေရှု၏ သနားကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သန့်ရှင်းခြင်း၊ ညင်သာမှု၊ သစ္စာရှိမှုတို့ အကြောင်း— ယေရှုသည် မည်သူဖြစ်ကြောင်း ရေးဦးစွာ လေ့လာခဲ့သည့်အရာအပေါ် အမှတ်ရဖို့ အချိန်ခဏတာ ယူလိုက်ပါ။ သူသည် သင်မျှော်လင့်နိုင်သော အရာခပ်သိမ်း ဖြစ်သူ၊ သင့်အား အလုံးစုံ ရွေးနုတ်ကယ်တင်နိုင်သော အရှင် ဖြစ်သည်။ သူသည် သင်၏မျှော်လင့်ချက်၊ လူမျိုးစုတိုင်း၊ တိုင်းနိုင်ငံအားလုံး မျှော်လင့်နိုင်သော သူဖြစ်သည်။

တမန်တော် ရှင်ယောဟန်က ဗျာဒိတ်ကျမ်းထဲတွင် ရေးသားထားသည်မှာ -

"ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကို ပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့ အထဲမှ ထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသော ဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကို ကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ် ရှေ့မှာ ရပ်နေကြ၏။ သူတို့ကလည်း၊ 'ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ငါတို့၏ ဘုရားသခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း' ဟု ကြီးသော အသံနှင့်ကြွေးကြော် ကြ၏။" (ဗျာဒိတ် ၇:၉-၁၀)

သင်သည် ဘုရင်တကာတို့၏ ဘုရင် ဖြစ်သူ၏ တန်ခိုးတော်ကို ကိုင်စွဲ၍ အခြားသူများထံ ဝေမျှသက်သေခံကာ ဘုရားသခင်၏ မိသားစုထဲသို့ အတူကြီးထွားလာစေဖို့ သင့်အား ကျွန်ုပ်တို့ တန်ဆာ ဆင်ပေးချင်ပါသည်။

ယေရှုက ရှင်မဿဲခရစ်ဝင်ကျမ်း နောက်ဆုံးအပိုဒ်တွင် မိန့်ဆိုထားသည်မှာ -

"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြ လော့။ ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့ အား မိန့်တော်မူ၏။" (မဿဲ ၂၈:၁၉-၂၀)

ယေရှုက သွား၍ ငါ့တပည့်ဖြစ်စေလျက်၊ ဗတ္တိဇံကိုပေးကာ ဆုံးမဩဝါဒပေးကြလော့ ဟုမိန့်တော် မူသည်။ ထိုသို့ဖြင့် သူသည် တောင်ထိပ်၊ ချိုင့်ဝှမ်းပါမကျန် ကျွန်ုပ်တို့နှင့်အတူ အစဉ်မပြတ် ပါရှိမည် ဖြစ်သည်။ *ယေရှုကို သိမှတ်ယုံကြည်ခြင်း* သည် ကြီးမြတ်သော မဟာဗျူဟာ အကူအညီကို ပေးပါမည်။ ယေရှုမည်သူဖြစ်သည်ကို လေးလေးနက်နက် လေ့လာ သင်ယူနေသော သူများအတွက် အသက်တာကို တပည့်တော်အဖြစ်သို့ ဆက်ကပ်ပါဝင်လာ နိုင်ရန်အတွက် ၎င်းက ပံ့ဖော်ပေးပါမည်။

*ယေရှုကို သိမှတ်ယုံကြည်ခြင်း* သည် *Magdalena: Released From Shame* ရုပ်ရှင်ထဲမှ အပိုင်းများကို အသုံးပြုထားသည်။ ၎င်းက မာဂဒလမာရိ၏ အသက်တာ သက်သေခံချက် အားဖြင့် သမ္မာကျမ်းစာရှိ ယေရှုသက်တော်စဉ်အကြောင်းကို သရုပ်ဖော် တင်ဆက်ထားပါသည်။ ၎င်းသည် မိသားစုဝင်များ၊ မိတ်ဆွေများ၊ ခင်မင်ရင်းနှီးသူများအထဲရှိ အတွင်း၌ ကောင်းစွာ အသုံးပြုနိုင်စေမည့် တန်ဆာလည်း ဖြစ်ပေသည်။ ထိုသူတို့က ရုပ်ရှင်အပိုင်း တစ်ခုစီကို ကြည့်ကြရာတွင် ကြည့်ရှုသူများက ယေရှု၏ သက်တော်စဉ်၊ နိမိတ်လက္ခဏာ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းတို့ကို ပိုမိုလေ့လာ ခံယူနိုင်သည်။ လူများစွာက ယေရှု၏ ဖြစ်ခြင်းအပေါ် သိမြင်လာသည့်အခါ သူ့နောက်လိုက်ဖို့ စိတ်ပိုင်းဖြတ် လာနိုင်စေပြီး၊ မပိုင်းဖြတ်သေး သူများအတွက်လည်း သူ့အကြောင်း ပိုမိုသိရှိခွင့် ရလာချင် ကြပါမည်။ ဇာတ်လမ်း အဆုံးသတ်ပိုင်းတွင်၊ ယေရှုရုပ်ရှင် (Jesus Film Project®) ဖန်တီးသူများ ပြုလုပ်ထားသည့် *ယေရှုကို သိကျွမ်းခြင်း* နှင့် *Rivka* ရုပ်ရှင်တစ်ခုခုကို အသုံးပြု၍ *ယေရှုကို သိမှတ်ယုံကြည်ခြင်း* မှအလိုက် ဆွေးနွေးမှုကို ပြုလုပ်ရန် ဖိတ်ခေါ်မှုကို လုပ်ဆောင်စေပါမည်။

*ယေရှုကို သိမှတ်ယုံကြည်ခြင်း* ကို အသုံးပြုရန် အခြေခံအဆင့် ၄ ဆင့် ပါဝင်သည်။

# အဆင့် ၁

၀၁

## မည်သူတို့အား ထိတွေ့ဝေမျှချင်သည်ကို ဆုံးဖြတ်ပါ။

ယေရှုအကြောင်း မည်သူတို့ကို သိစေချင်ပါသနည်း။ သင့်အိမ်နီးနားချင်း သို့မဟုတ် ဘေးရွာတို့အား ယေရှုအကြောင်း သိစေချင်ပါသလား။ သူငယ်ချင်း အဖွဲ့ သို့မဟုတ် လုပ်ဖော်ဆောင်ဖက်များလား။

ရှေ့ဦးစွာ ထိုနေရာတွင် "မင်္ဂလာသား" ကိုရှာဖွေပါ။ လုကာ ၁၀:၆ ထဲတွင် ယေရှုက တပည့်တော် ၇၂ ပါးတို့အား သူ၏သတင်းစကားကို ဟောပြောဖို့ စေလွှတ်ခဲ့သည်။ ထိုသူတို့ကို လက်ခံမည့် မင်္ဂလာသားကို ရောက်သည့် နေရာတိုင်းတွင် ရှာဖွေရန် ညွှန်ကြားခဲ့သည်။

မင်္ဂလာသား သည် ယုံကြည်သူဖြစ်နေဖို့ မလိုအပ်ပါ။ သူသည် -

- ခရစ်တော်နှင့် သူ၏သွန်သင်ချက်အပေါ် စိတ်နှလုံး ဖွင့်ဟသောသူ
- အသိုင်းအဝိုင်းထဲတွင် လူသိထင်ရှားသူ (သို့) လွှမ်းမိုးနိုင်သူ
- သင်ရွေးချယ်သည့် သာသနာ အသိုင်းအဝိုင်းထဲရှိ သူတို့၏ နယ်ပယ်ထဲတွင် သင့်အား မိတ်ဆက်ပေးလိုသော ဆန္ဒရှိသူ
- *Magdalena* ရုပ်ရှင်ကို လာရောက်ကြည့်ရှုကြဖို့ လူများကို ဖိတ်ခေါ်ပေးရန် သင့်အား ကူညီလိုသော ဆန္ဒရှိသူ

ထိုသူနှင့်အတူ ရင်းနှီးမှု တည်ဆောက်ဖို့ သင့်အား အကြံပြုချင်ပါသည်။ သင်၏ မင်္ဂလာသားနှင့် ရင်းနှီးမှုရယူဖို့ အဆင့်သုံးဆင့် လမ်းစဉ်ကို လမ်းညွှန်တန်ဆာ အဖြစ် အကူအညီပေးရန် အသုံးပြုနိုင်ပါသည်။

### က။ ဆုတောင်းခြင်း

ထိုမင်္ဂလာသားအတွက် ဆုတောင်းပါ။ ထိုသူသည် သင့်အား သူတို့၏ မိသားစု၊ မိတ်ဆွေများနှင့် မိတ်ဆက်ပေးနိုင်မည့်သူ– ထိုမင်္ဂလာသားကို ဘုရားသခင် တွေ့ဆုံစေဖို့အတွက် ဆုတောင်းပါ။ ထိုသူကို တွေ့ဆုံရသည့်အခါ သူတို့အတွက် မည်သို့ ဆုတောင်းပေးရမည်ကို မေးမြန်းပါ။

### ခ။ ဂရုစိုက်ခြင်း

ထိုမိတ်ဆွေအသစ်အတွက် ဆုတောင်းပေးသည့်အခါ သူတို့၏ လိုအပ်ချက်များကို စတင် မြင်တွေ့တတ်ပါ။ သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ နားထောင်ပေးခြင်းဖြင့် သူတို့ကို ဂရုစိုက်ပေးကြောင်း ပြသပါ။ အထောက်အမကောင်း မိတ်ဆွေနှင့် သဘောရိုးသောသူ ဖြစ်စေပါ။

### ဂ။ သတင်းကောင်းဝေမျှခြင်း

သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ လူများကို နားထောင်ပေးသည့်အခါ ကျွန်ုပ်တို့၌ ယေရှု၏သတင်းကောင်းကို ဝေမျှဖို့ အခွင့်အလမ်းကို ရရှိစေပါသည်။ ထိုသို့အခွင့်အလမ်း ပေါ်လာသည့်အခါ ယေရှုအကြောင်း မကြားသိရသေးပါက မင်္ဂလာသားနှင့်အတူ ယေရှု၏ သတင်းကောင်းနှင့် သူ၏ခွင့်လွှတ်ခြင်း အကြောင်း ဝေမျှပါ။

# အဆင့် ၂

၀၂

## *Magdalena: Released From Shame* ရုပ်ရှင်ကို ပြသပါ။

ဤနည်းဗျူဟာအတွက် အမျိုးသမီးအဖွဲ့ကို ပုံဥပမာအဖြစ် ပြုလုပ်ကြပါမည်။ သို့သော် *ယေရှုကို သိမှတ်ယုံကြည်ခြင်း* ကို အမျိုးသားများနှင့် မိသားစုများကလည်း လုပ်ဆောင်ကြစေဖို့ တိုက်တွန်းနိုင်သည်။

မင်္ဂလာသားနှင့်အတူတကွ သူ၏အိမ်ထဲတွင် ဖြစ်စေ အမျိုးသမီးများအား *Magdalena* ရုပ်ရှင်ကို ကြည့်ရှုဖို့ ဖိတ်ခေါ်ပါ။ အစားအသောက် ကျွေးမွေးပြီးနောက် ရုပ်ရှင်ကြည့်ရှုစေပါ သို့မဟုတ် မုန့်နှင့်အအေးဖြင့် ဧည့်ခံပါ။ ရုပ်ရှင်ကြည့်သူတို့အား အထူးဂရုတစိုက် ပြုစုပေး၍ စိတ်ရောကိုယ်ပါ ယဉ်ကျေးဗျူဟာစွာ ဆက်ဆံပါ။

*Magdalena* ရုပ်ရှင်ကို Jesus Film Project website နှင့် Jesus Film Project app ထဲတွင် ဘာသာစကားပေါင်း ၂၀၀ ကျော်ဖြင့် အခမဲ့ရယူနိုင်ပါသည်။ သင်၏ တီဗီတွင် USB အပေါက် ထိုး၍ ပြသနိုင်ပါက *Magdalena* ရုပ်ရှင်ပြသရန် Memory Stick ကိုအသုံးပြုပါ။ သင်၌ ဘလူးတုသ် စပီကာနှင့်တွဲ၍ ရသော တက်ပလက်ဖုန်း ရှိပါက ရုပ်ရှင်ကို ၁၀ ဦး အထက်ရှိသော (သို့) ထိုထက်များသော လူဦးရေထံ ပြသပေးနိုင်သည်။

ရုပ်ရှင်ပြသမှုအပြီးတွင် လာရောက်ကြည့်ရှုသူများကို တောင်းဆို နှစ်ခုပြုလုပ်၍ နောက်ထပ်ချိန်းဆိုမှု ပြုလုပ်နိုင်သည်မှာ -

ပထမ၊ ယေရှုနောက်လိုက်များ ဖြစ်လာစေဖို့ အမျိုးသမီးများကို ဖိတ်ခေါ်ပါ။ သူတို့ကြည့်ရှုခဲ့သည့် ရုပ်ရှင်ထဲရှိ အကြောင်းအရာနှင့် ဆက်စပ်မိစေမည့် သင့်ဘဝအကြောင်းကိုလည်း ဝေမျှသက်သေခံနိုင်ဖို့ စဉ်းစားပါ။

ဒုတိယ၊ ယေရှုအကြောင်း ပိုမိုပြောပြပေးနိုင်ဖို့ နောက်နေ့တွင်လည်း ထပ်လာကြရန် ဖိတ်ခေါ်ပါ။ စိတ်ဝင်စားသည့် သူငယ်ချင်း မိတ်ဆွေများကိုလည်း ခေါ်လာကြဖို့ စိန်ခေါ်မှု တစ်ရပ်ပြုလုပ်ပါ။ ထိုကဲ့သို့ဖြင့် *ယေရှုကို သိမှတ်ယုံကြည်ခြင်း* သင်ရိုးညွှန်းတမ်းမှတဆင့် ခရစ်တော်၏ သက်တော်စဉ်အကြောင်း လေ့လာစေခြင်း၊ သူတို့ မေးလိုသည့် မေးခွန်းများကို မေးစေခြင်းတို့ ပြုလုပ်နိုင်သည်။

ထို့နောက်မှ လာရောက်ကြည့်ရှုကြသည့် အမျိုးသမီးများနှင့် ပိုမိုသိကျွမ်းမှုရှိရန် အချိန်များများ ယူပါ။ ရုပ်ရှင်ထဲမှ သူတို့ကြည့်ရှုခဲ့ကြသည့် ယေရှုသက်တော်စဉ်နှင့် အကြောင်းအရာအပေါ် သူတို့ဘဝ၏ နာကျင်မှုများကို မြင်ယောင်လာစေသည်လည်း ဖြစ်စေနိုင်သည်။ လိုအပ်ပါက သူတို့တစ်ဦးချင်းအတွက် ဆုတောင်းပေးပါ။

ယခုတွင် ပိုကောင်းသည့် အပိုင်းသို့ ရောက်လာပါပြီ။

# အဆင့် ၃

၀၃

## သင်၏ *ယေရှုကို သိမှတ်ယုံကြည်ခြင်း* သာသနာအသစ်ကို အစပြုပါ။

ယေရှုအကြောင်း စိတ်ဝင်စားမှု ပြသသည့် ရှိ အမျိုးသမီးအတွက် ဆုတောင်းပေးပါ။ သူမသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် လှုံ့ဆော်ခံ၍ စိတ်နှလုံးမြေလည်း ပျော့ပျောင်းလာစေရန် ဖြစ်သည်။ ယေရှုသက်တော်စဉ် အပိုင်းတစ်ခုစီက သူတို့အတွက် လေးနက်ပြီး အဓိပ္ပါယ်ရှိသော နည်းလမ်းဖြင့် ထိရောက်မှုရှိစေရန်နှင့် မိမိတို့ဘဝတွင်လည်း ထိုအကြောင်းအရာအားဖြင့် ဆက်စပ်မိစေရန် ဆုတောင်းပေးပါ။

ထိုတွေ့ဆုံချိန်နှင့် တွေ့ဆုံပြီး နောက်ဆက်တွဲတွင်လည်း ယေရှုအကြောင်း ပိုမိုပြောပြနိုင်ရန် *Magdalena* ရုပ်ရှင်ထဲမှ အပိုင်း ၁၀ ပိုင်းကို အသုံးပြုရပါမည်။ အောက်ပါတို့မှာ အပိုင်းတစ်ခုစီ၏ ခေါင်းစဉ်များ ဖြစ်သည် -

၁။ အမျိုးသမီးတိုင်း မြင်တွေ့၊ သိရှိသောသူ
၂။ ယေရှု - ပရောဖက်တစ်ပါးထက် သာလွန်သောသူ
၃။ အပြစ်ကျွန်ထဲမှ လွတ်မြောက်ခြင်း
၄။ ယေရှု၏ သနားကြင်နာခြင်း
၅။ တွန်းလှန်တိုက်ခိုက်မှုနှင့် ထိခိုက်နစ်နာမှု
၆။ အနာငြိမ်းခြင်းနှင့် ပြန်လည်ကျန်းမာခြင်း
၇။ အရှက်ကွဲခြင်းနှင့် ဂုဏ်ပြုခံရခြင်း
၈။ ယေရှုကို သိကျွမ်းခြင်းနှင့် သူ၏ခွင့်လွှတ်ခြင်း
၉။ ယေရှုကို လက်ခံယုံကြည်ပြီး အခြားသူများထံ သူ့အကြောင်း ဝေငှလိုခြင်း
၁၀။ ယေရှုနှင့်အတူ အသက်ရှင်ခြင်း

လာမည့် အပတ်အတွင်း သင်၏အသစ်သည် ယေရှုခရစ်အကြောင်း သူတို့၏ သိမြင်နားလည်မှုနှင့် သူ့နောက်လိုက်ခြင်း၏ ဆိုလိုရင်းအပေါ် ပိုမိုသဘောပေါက်လာ ကြလိမ့်မည်။ ခရစ်ယာန် အသိုင်းအဝန်းထဲတွင် ဘဝအသက်တာကျင်လည်မှုပုံစံကိုလည်း သိရှိခွင့် ရလာကြပါမည်။

ခိုင်ခံ့သော မိတ်ဆွေဖြစ်ခြင်းကို ထားရှိနိုင်ရန် အဆင့် ၃ ဆင့်သင်ကြားမှု (၃/၃) နည်းစနစ်ကို တွေ့ဆုံမှုတိုင်းတွင် အသုံးပြုသွားကြပါမည်။ ၃/၃ နည်းစနစ်သည် လက်တွေ့ကျသော တည်ဆောက်မှုပုံစံကို ဖေးမပေးမည့် လွယ်ကူပြီး တိုက်တွန်းအားပေးခြင်း၊ ကြီးထွားခြင်းနှင့် ရည်ရွယ်ချက်ရှိရှိ သင်၏တွေ့ဆုံမှုတိုင်းတွင် သေချာစေရန် ပံ့ပိုးပေးပါလိမ့်မည်။ ၎င်းတွင် ပြန်ကြည့်ခြင်း၊ အပေါ်ကြည့်ခြင်းနှင့် ကျော်ကြည့်ခြင်း ဟူ၍ အပိုင်း ၃ ပိုင်းပါဝင်သည်။

မှတ်ချက် - *ယေရှုကို သိမှတ်ယုံကြည်ခြင်း* သည် သင့်အား ဘုရားသခင်၏ခေါ်ခြင်းကို ပြီးမြောက်စေရန် ကူညီပေးမည့် ပုံစံနမူနာဖြစ်သည်။ **သင်၏ ယဉ်ကျေးမှုအလိုက် လိုအပ်သလို အကောင်းဆုံး လိုက်လျောညီထွေစေရန်အတွက် အလိုက်သင့် ညှိနှိုင်း အသုံးပြုပါ။**

# အဆင့် ၃ ဆင့် နည်းစနစ်

တပည့်တော်ဖြစ် သင်တန်းလုပ်ငန်းစဉ်

## ပြန်ကြည့်ခြင်း

- **ဂရုစိုက်ခြင်း-** သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။ ဘဝအကြောင်း နှင့် နောက်ခံ အသက်တာများကို ဝေငှပါ။
- **ဝတ်ပြုကိုးကွယ်ခြင်း-** သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။
- **သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း-** သင်ယူသည့်အရာအပေါ် မည်သို့လက်တွေ့ သင်လုပ်ဆောင်နေကြောင်း ဝေငှပါ။
- **ရူပါရုံချမှတ်ခြင်း-** သင့်ဘဝကို ယေရှုကမည်သို့ ပြောင်းလဲစေနိုင်ကြောင်း ပြောပြပါ။ အချင်းချင်း အားပေးပါ။

## အပေါ်ကြည့်ခြင်း

- **ပြသခြင်း-** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။ ယေရှုအကြောင်း အသစ်သော အကြောင်းအရာကို အတူတကွ လေ့လာပါ။
- **ပြောပြခြင်း-** တစ်ယောက်ယောက်အား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင် အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
- **ပြီးမြောက်ခြင်း-** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
- **ဆွေးနွေးခြင်း-** အချိန်ရသလို မေးခွန်းများများ ဆွေးနွေးပါ။

## ရှေ့ကြည့်ခြင်း

- **လက်တွေ့လုပ်ဆောင်မှု** - သင်ယူသည့်အရာအပေါ် မည်သို့ လက်တွေ့လုပ်ဆောင်မည်ကို ဆုံးဖြတ်စေပါ။
- **လက်တွေ့လေ့ကျင့်မှု** - ဇာတ်လမ်းကို အချင်းချင်း ပြောပြစေပါ။
- **ဝေငှခြင်း-** ဇာတ်လမ်းအကြောင်း မည်သူတို့အား ဝေငှရမည်ကို ဆွေးနွေးပါ။
- **ဆုတောင်းခြင်း-** သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းပါ။ အချင်းချင်းနှင့် ပတ်ဝန်းကျင်ရှိလူများအတွက် ဆုတောင်းပေးပါ။

# အဆင့် ၄

၀၄

## နောက်တစ်ဆင့် လှမ်းခြင်း

*ယေရှုကို သိမှတ်ယုံကြည်ခြင်း* သင်ခန်းစာ နောက်ဆုံးပိုင်းတွင် ခရစ်ယာန်အသက်တာ အသက်ရှင်ခြင်း အကြောင်း ဆွေးနွေးသွားပါမည်။ ဤအပိုင်းတွင် မာရိက ယေရှုနောက်လိုက် ရခြင်းနှင့် သူမ၏အခေါ်ခံရခြင်းအပေါ် ပေးဆပ်မှုကို တင်ပြထားသည်။ သင့်အဖွဲ့ရှိ အသီးအသီးတို့အား နောက်တစ်ဆင့်သို့ ဆက်ရန် အဆင်သင့်ဖြစ်စေဖို့ လမ်းညွှန်ပေးရန် အထူးအရေးပါသည်။ **သင့်အဖွဲ့ရှိ တစ်ယောက် (သို့) ထိုထက်များသော အဖွဲ့ဝင်အား *ယေရှုကို သိမှတ်ယုံကြည်ခြင်း* အဖွဲ့ကို မိမိတို့ကိုယ်ပိုင် အစပြုစေဖို့နှင့် အခြားသူများ အားလည်း သူတို့ ရှာတွေ့သည့်အရာအပေါ် ဝေငှနိုင်ဖို့ စိန်ခေါ်မှု အထူးအခွင့်အလမ်း တစ်ရပ်ဖန်တီးပေးရန် လိုအပ်သည်။** သင့်အဖွဲ့က တွေ့ဆုံမှု ဆက်လက် လုပ်ဆောင်လိုပါက *Rivka* သို့မဟုတ် *ယေရှုကို သိကျွမ်းခြင်း* ရုပ်ရှင်ကို အဖွဲ့သစ် အပြောင်းအလဲပြုလုပ်၍ လေ့လာကြရန် အကြံပြုလိုပါသည်။ အောက်ပါထဲတွင် ရုပ်ရှင် နှစ်ခုစလုံးကို ရှာတွေ့နိုင်ပါသည်။

Rivka ရုပ်ရှင်အကြောင်း ရရှိနိုင်မည့် စာမျက်နှာ -
www.jesusfilm.org/partners/resources/strategies/women/gather-and-grow/

*ယေရှုကို သိကျွမ်းခြင်း* ရုပ်ရှင်အကြောင်း ရရှိနိုင်မည့် စာမျက်နှာ -
www.jesusfilm.org/partners/resources/strategies/knowing-jesus/

*ယေရှုကို သိကျွမ်းခြင်း* ရုပ်ရှင်အကြောင်း ကြော်ငြာ ဗီဒီယို -
www.youtube.com/watch?v=MkYpNK5OvKk

# ဦးဆောင်သူကျွမ်းကျင်မှု ကိုးကားချက်လမ်းညွှန်

## အပိုင်းလိုက်လေ့လာမှု အဆင့်ဆင့်လုပ်ဆောင်နည်း

*Magdalena* ရုပ်ရှင်သည် ယေရှု၏ တန်ခိုးတော်အားဖြင့် လူသားတို့၏ဆိုးယုတ်သည့် အခြေအနေကို မာရိအသက်တာထဲတွင် ကျော်လွှားနိုင်ခြင်း သက်သေကို ကောင်းစွာ လေ့လာနိုင်ရန် အပိုင်းလိုက် များစွာ ခွဲထားပါသည်။ နမူနာပေးထားသည့်အတိုင်း အပိုင်းလိုက် တစ်ကြိမ်တစ်ပိုင်းစီ အဆင့်ဆင့်လုပ်ဆောင်ခြင်းက သင်၏စေ့စေ့စပ်စပ် လေ့လာမှုကို လမ်းညွှန်ပေးမည့် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။

မေးခွန်းအားလုံးကို အပတ်စဉ် အကုန်ပြီးမြောက်အောင် ဖြေဆိုစရာ မလိုအပ်ပါ။ မည်သည့် အပိုင်းက ယေရှုကြောင်းနှင့် မာရိ၏ပြောင်းလဲခြင်းအကြောင်း တင်ဆက်သည်ကို အဖွဲ့သားများ လွတ်လွတ်လပ်လပ် ဆွေးနွေးခွင့်ပြုခြင်းက အဓိကအချက်ဖြစ်သည်။ သင်တန်းနည်းပြသူ အနေဖြင့် သင်၏အဖွဲ့အား လွယ်ကူချောမွေ့သောဝန်းကျင်ကို ဖန်တီးပေးရန် တာဝန်ရှိသည်။ ထိုသို့လုပ်ဆောင်ပေးရန်အတွက် သင်၏တာဝန်မှာ နားထောင်ပေးခြင်းနှင့် လမ်းညွှန်ခြင်း တို့ပါဝင်သည်။ ထိုအရာက  ဆွေးနွေးခြင်းအတွက်သာ ရည်ရွယ်ပြီး၊ တရားဟော ဝေငှချိန်အတွက် မဟုတ်ပါ။

ရုပ်ရှင်အပိုင်းများကို ဝင်ရောက် ကြည့်ရှုနိုင်ရန်အတွက် Jesus Film Project app အပလီကေးရှင်းကို သွားရောက်၍ အောက်တွင် စာလုံးစောင်းဖြင့် ရေးထားသည့် ခေါင်းစဉ်များအလိုက် အပိုင်းအသီးသီးကို search bar တွင် ရှာဖွေနိုင်ပါသည်။ ထိုသို့ မဟုတ်ပါက Jesus Film Project  ဝဘ်ဆိုဒ်ထဲတွင် jesusfilm.org/watch ဟုရိုက်ကာ ရှာဖွေနိုင်ပါသည်။

## အောက်ပါတို့သည် *Magdalena* ရုပ်ရှင်အပိုင်းမှ ဤလေ့လာသင်ကြားမှုတွင် အသုံးပြုသော အပိုင်းများ ဖြစ်သည် -

**သင်ခန်းစာ ၁ -** အမျိုးသမီးတိုင်း မြင်တွေ့၊ သိရှိသောသူ (အပိုင်း: *Mary Magdalene Goes to Rivka's House*)
**သင်ခန်းစာ ၂ -** ယေရှု - ပရောဖက်တစ်ပါးထက် သာလွန်သောသူ (အပိုင်း: *Announcement to Mary*)
**သင်ခန်းစာ ၃ -** အပြစ်ကျွန်ထဲမှ လွတ်မြောက်ခြင်း (အပိုင်း: *Mary Magdalene Freed from Demons*)
**သင်ခန်းစာ ၄ -** ယေရှု၏ သနားကြင်နာခြင်း (အပိုင်း: *Jesus Raises the Widow's Son*)
**သင်ခန်းစာ ၅ -** တွန်းလှန်တိုက်ခိုက်မှုနှင့် ထိခိုက်နစ်နာမှု (အပိုင်း: *The Woman at the Well*)
**သင်ခန်းစာ ၆ -** အနာငြိမ်းခြင်းနှင့် ပြန်လည်ကျန်းမာခြင်း (အပိုင်း: *The Woman with the Issue of Blood*)
**သင်ခန်းစာ ၇ -** အရှက်ကွဲခြင်းနှင့် ဂုဏ်ပြုခံရခြင်း (အပိုင်း: *The Adulterous Woman Forgiven*)
**သင်ခန်းစာ ၈ -** ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း (အပိုင်း: *Mary Explains Jesus's Death and Resurrection*)
**သင်ခန်းစာ ၉ -** ယေရှုကို သိကျွမ်းခြင်းနှင့် သူ၏ခွင့်လွှတ်ခြင်း (အပိုင်း: *Rivka Believes*)
**သင်ခန်းစာ ၁၀ -** ယေရှုနှင့်အတူ အသက်ရှင်ခြင်း (အပိုင်း: *Living the Christian Life*)

***ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်စေရန်အတွက် သင့်အား အသုံးပြုစေဖို့ သူ့ကိုကိုးစား ယုံကြည်သည်နှင့် ဘုရားသခင် သင့်ကိုကောင်းချီးပေးဖို့ ကျွန်ုပ်တို့ ဆုတောင်းပေးပါသည်။***

# သင်ခန်းစာ ၁ - အမျိုးသမီးတိုင်း မြင်တွေ့၊ သိရှိသောသူ

## Mary Magdalene goes to Rivka’s House (ဆာလံ ၁၃၉)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

- သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
- ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

- သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

- အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

- အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

ကန္တာရတောထဲတွင် လမ်းပျောက်ပြီး အထီးကျန်ကာ စိတ်ဓါတ်ကျနေသော ဟာဂရ အမည်ရှိသူ အစေခံကျွန်မကို ဘုရားသခင် တွေ့ဆုံတော်မူသည်။ ကျမ်းစာက “ထိုသို့ မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊ အာတောလေ ရောဟူသောအမည်ဖြင့် ခေါ်ဝေါ်၍၊ ‘ငါ့ကိုမြင်တော်မူသော သူကို ဤအရပ်၌ပင် ငါဖူးမြင်ရသည်တကား’ ဟု ဟာဂရဆိုလေ၏။ ထိုအကြောင်းကိုအစွဲပြု၍၊ ထိုရေတွင်းကို ဗေရလဟဲရောဟု သမုတ်ကြ၏။ ကာဒေရှမြို့နှင့် ဗေရက်မြို့၏စပ်ကြားမှာ ရှိသတည်း” (ကမ္ဘာဦး ၁၆:၁၃-၁၄)။ ယနေ့တွင် ကျွန်ုပ်တို့ တစ်ဦးချင်းစီတိုင်းကို မြင်တွေ့၍ သိကျွမ်းတော်မူသော ဘုရားသခင်အကြောင်း အတူတကွလေ့လာကြပါစို့။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ - ဆွေးနွေးခြင်း။** အဖွဲ့လိုက်ဆွေးနွေးခြင်း။ မှတ်ချက် - မေးခွန်းအားလုံး ဖြေဆိုရန် မလိုအပ်ပါ။

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ဘုရားသခင်က သူမကို ချစ်၍ သိကျွမ်းလိမ့်မည်မဟုတ်ဟု မည်သည့်အတွက်ကြောင့် Rivka သံသယဝင်ခဲ့သည်ဟု သင်ထင်ပါသလဲ။*
*၃။ ယနေ့ လူများစွာက ဘုရားသခင်အကြောင်း ပြောကြပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို အမှန်တကယ် သိမှတ်ပေးမည်ဟု သိရှိနိုင်သနည်း။*
*၄။ ဆာလံ ၁၃၉:၁-၁၈ ကိုဖတ်ပါ။ ပရောဖက် ဒါဝိဒ်က ထိုကျမ်းပိုဒ်ထဲတွင် ဘုရားသခင်မည်မျှထိ ကျွန်ုပ်တို့ကို အမှန်သိမှတ်ကြောင်း ဆိုထားသနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၅။ ဘုရားသခင်သည် သင့်အား အလုံးစုံသိမြင်၍ နားလည်ပေးတော်မူသည်ဟု သိရှိရခြင်းက သင့်အတွက် မည်သို့ ခံစားစေသနည်း။*
*၆။ ဒါဝိဒ်က ဘုရားသခင်သည် ကျွန်ုပ်တို့အကြောင်း အလုံးစုံကို သိမှတ်၍ သူသည် သစ္စာရှိရှိ ချစ်ပေးပြီး ဦးဆောင်ပေးသောသူ၊ အစဉ်အမြဲ အတူရှိပေးသူအဖြစ် ရေးသားထားသည်။ မည်သည့်အတွက်ကြောင့် သူ့အား ယုံကြည်ဖို့ တစ်ခါတစ်ရံ ကျွန်ုပ်တို့ ကျရှုံးရ ကြသနည်း။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

သင်၏ဖန်ဆင်းရှင် ကိုယ်တော်သည် သင့်အား အလုံးစုံသိမှတ်၍ အပြည့်အဝ ချစ်တော်မူသည် ဟုဆိုလိုချက်အပေါ် ဆင်ခြင်ပါ။ သင်၏ ကဏ္ဍအလုံးစုံတို့ကို သိမြင်၊ ဖုံးအုပ်၊ တန်ဖိုးထားခြင်းက အဘယ်သို့နည်း။ ယေရှုက သင်၏ကျရှုံးမှုများအတွက် အလုံးစုံ ခွင့်လွှတ်ပေးပြီး သင့်ဘဝ အသက်တာအတွက် ရည်ရွယ်ချက်ကို ပေးပါသည်။ သူ့ထံသို့ လာသောသူတိုင်း သူ၌တည်သော မျက်မှောက်တော်ထဲ တိုးဝင်ရခြင်းနှင့် ထာဝရအသက် ကတိတော်ထားရှိသည်။ သင်သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းခြင်းခံရ၍ သူနှင့်တူသောသူ ဖြစ်သည်။ သူ၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခြင်း ခံရသောကြောင့် သင်သည် ဂုဏ်အသရေ ရှိသောသူ၊ တန်ဖိုးထားခံရသူ ဖြစ်သည် (ကမ္ဘာ ၁:၂၆-၂၇)။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၂ - ယေရှု ပရောဖက်တစ်ပါးထက် သာလွန်သောသူ

## Announcement to Mary (လုကာ ၁:၂၆-၃၇)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

- သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
- ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

- သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

- အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

- အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

ယေရှုမကြွလာခင် နှစ်ရာပေါင်းများစွာက ပရောဖက်ဟေရှာယသည် "သတို့သမီး ကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောက်ျား ကို ဖွားမြင်လတ္တံ့" ဟု ဣသေရလလူတို့အား ကြိုတင် ပရောဖက်ပြု ဟောပြောခဲ့သည် (ဟေရှာ ၇:၁၄)။ ထိုသားတော် ယေရှုသည် ကိုယ်ကိုအလွန် နှိမ့်ချ သောကြောင့် သူသည် လူသားတို့တွင် အလွန်အနှိမ့်ချဆုံးသော သူငယ်အဖြစ် ဆင်းကြွလာ ခဲ့သည်။ သူ သည် လူသားတို့၏ဖြစ်စဉ် အမှုအရာအလုံးစုံကို တွေ့ကြုံခံစား၍ သူသည် အပြည့်အဝ ဘုရားဖြစ်သူသာမက အပြည့်အဝ လူသား လည်း ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သူသည် ကျွန်ုပ်တို့နှင့် ဆက်နွယ်မှုပြန်လည် ရယူစေရန်အတွက် နာကျင်ခြင်း၊ နာမကျန်းဖြစ် ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ရေဆာခြင်း၊ ဝမ်းနည်းပူဆွေးခြင်းနှင့် အနာတရဖြစ်ခြင်းအလုံးစုံတို့ကို ရင်ဆိုင်၍ ကြီးပြင်းလာခြင်း ကို တွေ့ကြုံခံစားလိုခဲ့သည်။ ယေရှုခရစ်ဖွားမြင်သောအခါ အပျိုကညာ ဖြစ်သူ မာရိ၏ ဝမ်းအားဖြင့် ဖွားမြင်လာခဲ့သည်။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ - ဆွေးနွေးခြင်း။** မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ကောင်းကင်တမန်၏ သတင်းစကားကို ကြားရသောအခါ မာရိက မည်သို့ခံစားရမည်ဟု သင်ထင်ပါသလဲ။ သင်ကလည်း ထိုသတင်းမျိုးကို ကြားရပါက မည်သို့ ခံစားရလိမ့်မည်နည်း။*
*၃။ ကောင်းကင်တမန်က "ဘုရားသခင် တတ်နိုင်တော်မမူသော အမှုမရှိ" ဟုဆိုခဲ့သည်။ ယခုသင့်အတွက် မည်သည့်အရာ က မဖြစ်နိုင်သောအရာဟု ခံစားရစေနည်း။*
*၄။ ကောင်းကင်တမန်က ဖွားမြင်သောသူငယ်သည် "ဘုရားသခင်၏ သားတော်" ဟုခေါ်ရလိမ့်မည်ဟု ဆိုခြင်းက ဘာကို ဆိုလိုသနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၅။ ယေရှုသည် အပျိုကညာအားဖြင့် ဖွားမြင်ဖို့ အဘယ်ကြောင့် လိုအပ်သည်ဟု သင်ထင်ပါသလဲ။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့် စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်း ကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

ယေရှု၏ ဖွားမြင်ခြင်းနှင့် ပဋိသန္ဓေတည်ခြင်း ထူးခြားဖြစ်စဉ်အကြောင်း စဉ်းစားဆင်ခြင်ပါ။ သူသည် ၁၀၀ ရာခိုင်နှုန်း ဘုရား နှင့် ၁၀၀ ရာခိုင်နှုန်း လူသား ဖြစ်သည်။ သူသည် လောကနှင့် လူသားကို ဖန်ဆင်းသော ဘုရား ဖြစ်သည်။ သူသည် တစ်ပါး တည်းသော ကယ်တင်ရှင်အဖြစ် သိမှတ်၍ ယုံကြည်ကိုးစားနိုင်သောသူ ဖြစ်သည်။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူ အဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင် မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင် ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူး တော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၃ - အပြစ်ကျွန်ထဲမှ လွတ်မြောက်ခြင်း

## Mary Magdalene Freed From Demons (လုကာ ၈:၁-၂)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

လူကုန်ကူးမှု၊ စိတ်စွဲလမ်းမှု၊ ဒိဋ္ဌမင်္ဂလာကမ ထိုင်ကူးယဉ်ကမ္ဘာသို့ ထွက်ပြေးတတ်ခြင်း စသည့် များစွာသော ကျွန်ခံရမှု အမျိုးမျိုးတို့သည် ကျွန်ုပ်တို့လောကကြီးထဲတွင် ယနေ့ဖြစ်ပျက်နေသည်။ သမ္မာကျမ်းစာက လူသားတို့သည် အပြစ်၏ ကျေးကျွန်ခံရသည်ဟု ဆိုထားသော်လည်း လွတ်မြောက်မည့်လမ်းကို ရှာတွေ့နိုင်သည်ဟု သွန်သင်ထားသည်။ ဤဇာတ်လမ်းထဲတွင် နတ်ဆိုးများ ဝင်ပူး၍ ကျွန်ပြုခံရသောသူ မာရိက ယေရှု၏အခွင့်အာဏာနှင့် တန်ခိုးတော်ကို ကြုံတွေ့ခဲ့ခြင်း အကြောင်း ကြည့်ရှုပါ။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ -** ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ မာရိ၏ ကျွန်ပြုခံရခြင်းက သူမ၏ ပုဂ္ဂိုလ်ရေးနှင့် အသိုင်းအဝိုင်းအပေါ် မည်သို့ထိခိုက် စေသနည်း။*
*၃။ ယေရှုအကြောင်း မာရိက ဖော်ပြလာသည့်အခါ သူ၏ တုံ့ပြန်မှုကား အဘယ်သို့နည်း။*
*၄။ ယေရှုအားဖြင့် လွတ်မြောက်ခြင်း ခံရပြီးနောက် မာရိက မည်သို့ ပြုပြင်ပြောင်းလဲခဲ့သနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)….**
*၅။ မာရ်နတ်က ယေရှုကို မည်သူဖြစ်ကြောင်း သိရှိကာ သူသည် "ဘုရားသခင်၏ သန့်ရှင်းတော် မူသောသူ ဖြစ်ပါ၏" ဟုခေါ်ခြင်းမှာ အဘယ်ကြောင့် အရေးပါသနည်း။*
*၆။ ယေရှုက မာရိအား သင့်အပြစ်လွတ်ပြီဟု ဆိုသောအခါ ဘေးမှလူများက မည်သို့ ထင်ကြမည်ဟု သင်ထင်ပါသလဲ။*
*၇။ သင်သည် ထိုဇာတ်လမ်းထဲရှိ မာရိဖြစ်သည်ဟု စိတ်ကူးကြည့်ပါ။ ယေရှုပြုပေးသည့်အပေါ် မည်သို့ စိတ်ခံစားရမည်ဟု သင်ထင်ပါသလဲ။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

ဤဇာတ်လမ်းထဲတွင် မာရိ၏လွတ်မြောက်ခြင်း တွေ့ကြုံခံစားမှုအပေါ် ဆင်ခြင်ကြည့်ပါ။ သူမဘဝ တစ်ခုလုံး အသွင်ပြောင်းလဲသွားခြင်း၊ လွတ်မြောက်ခံရခြင်းအတွက် ကျေးဇူးတင်ခြင်း အဖြစ် သူမ၏မျက်လုံးအပေါ် အထင်းသား ပေါ်လွင်နေမည်ကို သတိပြုပါ။ ထိုသို့ ပြောင်းလဲသွားသော သူသည် ဤရုပ်ရှင်အစပိုင်းတွင် တွေ့ရသည့် ထိုအမျိုးသမီးပင် ဖြစ်သည်ကို ယုံကြည်ပါ သလား။ သင့်အား ကျွန်ပြုခံနေရသည့်အရာမှ၊ အပြစ်၏ကျွန်ဖြစ်ခြင်းထဲမှ လွတ်မြောက်စေဖို့ ယေရှု၏ သက်သာရာပေးမှုကို စိတ်ကူးကြည့်ပါ။ သင်မည်ကဲ့သို့ အသစ်သောသူ ဖြစ်ချင်ပါသနည်း။ သင့်ပခုံးပေါ် ထမ်းနေရသည့် ဝန်ထုပ်များကို ယေရှုထမ်းပေးရန် ချထား၍ သူ့နောက်သို့ လိုက်ပါ။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူ အဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင် မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင် ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၄ - ယေရှု၏ သနားကြင်နာခြင်း

## Jesus Raises the Widow's Son (လုကာ ၇:၁၁-၁၇)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

ဝမ်းနည်းပူဆွေးခြင်းသည် အထူးသဖြင့် တစ်စုံတစ်ယောက် သေဆုံးသည့်အတွက် အလွန် ပူဆွေးသောက ရောက်ခြင်း အဖြစ် သတ်မှတ်သည်။ ဤဇာတ်လမ်းတွင် မုဆိုးမတစ်ယောက် သည် သူမ၏ တစ်ဦးတည်းသော သားလေး သေဆုံးသွားသည့်အတွက် အလွန်ဝမ်းနည်း ကြေကွဲနေခဲ့သည်။ မာရိက ယေရှုသည် ထိုမိန်းမအနားသို့သွား၍ သူမစိတ်နှလုံးထဲ လိုအပ်သည့် အရာကို ဖြည့်ဆည်း ပေးသည်ကို တွေ့မြင်ခဲ့သည်။ ထိုအခြေအနေထဲတွင် ယေရှုက သူမ၏အလွန် တန်ဖိုးထားသော ဆုလက်ဆောင်ဖြစ်သူ တစ်ဦးတည်းသောသားကို အသက်ပြန်ရှင်စေရန် ရွေးချယ်ခဲ့သည်။ ယေရှုက ကြိမ်ဖန်များစွာ ထိုသို့ပြုလုပ်ပေးရန် ရွေးချယ်လိမ့်မည် မဟုတ်သော်လည်း အခြေအနေတိုင်းရှိ အလွန်နာကျင် ဝမ်းနည်းနေရသည့် အချိန်၌ပင် သူ၏မျက်မှောက်တော်ထဲ တည်နေခြင်းဖြင့် အစဉ်အမြဲ ခိုလှုံနိုင်ပါသည်။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ -** ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ယေရှုက သူလုပ်နေသည့်အရာကို ရပ်တန့်ကာ မုဆိုးမကို နှစ်သိမ့်ပေးခဲ့သည်။ သူ၏ ထိုစိတ်နှလုံးက မည်သည့်အရာကို ဖော်ပြပေးသနည်း။*
*၃။ ယေရှုက သေသောသူအား အသက်ရှင်စေနိုင်သည့်အပေါ် ဘယ်အရာကို ဆိုလိုသနည်း။*
*၄။ မျှော်လင့်ချက် မဲ့နေသည့် အခြေအနေမျိုးထဲ သင်ကြုံရဖူးပါသလား။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၅။ ယေရှုက သူငယ်ကို သေခြင်းမှ အသက်ရှင်စေသည့်အခါ လူများက မည်သို့တုံ့ပြန်ခဲ့ကြ သနည်း။ မုဆိုးမက မည်သို့ တုံ့ပြန်ခဲ့သနည်း။*
*၆။ ယခုသင် ပူဆွေးသောကရောက်နေသောအရာ တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက် ရှိပါသလား။ ထိုသို့ရှိပါက ထိုပူဆွေးခြင်းထဲမှ ဘုရားသခင် သင့်ကိုကူညီပေးဖို့ ယုံကြည်ကိုးစား လိုပါသလား။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

ဘုရားသခင်တစ်ပါးတည်းသာလျှင် သေသောသူအား အသက်ကို ပြန်ပေးနိုင်သည်။ ယေရှုသည် ဘုရားဖြစ်တော်မူသည် ဟူသော အမှန်တရားကို ဆင်ခြင်ပါ။ သူသည် သေသောသူကို အသက်ပြန်ရှင် စေနိုင်သော ဘုရားဖြစ်သည်။ ထိုလူငယ်တစ်ဦးတည်းတင်မကပဲ သူ၏အမှုတော် တစ်လျှောက်လုံးတွင် ထိုအမှုကို သုံးကြိမ်ပြုလုပ်ခဲ့သည်။ သူသည် တန်ခိုးကြီးမြတ်သောသူ တင်မကပဲ သနားကြင်နာတတ်သောဘုရား၊ အပြည့်အဝ နူးညံ့သိမ်မွေ့သောဘုရား၊ သက်သာရာ ရစေသူ ဖြစ်ပါသည်။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

• ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
• ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

• အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

• ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း

• သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
• အချင်းချင်းအတွက် ဆုတောင်းပါ။
• ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၅ - တွန်းလှန်တိုက်ခိုက်မှုနှင့် ထိခိုက်နစ်နာမှု

## The Woman at the Well (ယောဟန် ၄:၁-၄၂)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

- သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
- ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

- သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

- အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

- အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

လူတစ်ယောက်ယောက်က သင့်အား အထင်သေးခြင်း၊ ကဲ့ရဲ့ဝေဖန်ခြင်းမျိုး ခံစားရဖူးပါသလား။ ဤဇာတ်လမ်းထဲတွင် မာရိက လူများ၏ဝိုင်းပယ်ခံရသော အမျိုးသမီးသည် ရေတွင်းသို့ နေ့စဉ်ခရီးဆက် နေသည်ကို ကြည့်နေသည်။ မည်သူမျှ အပြေးအလွှား မကျော်မိစေဖို့ မျှော်လင့်ရင်း သူမသည် နေ့ခင်း နေပူကြဲကြဲအချိန်တွင် တကိုယ်တည်း လမ်းလျှောက်ခဲ့သည်။ သူမရောက်သည့်အချိန်တွင်မူ အမျိုးသားတစ်ဦးကို မြင်ရသည့်အခါ စိတ်ပျက်သွားပါသည်။ ထိုလူသည် အမျိုးသားတစ်ဦး ဖြစ်သည်တင်မကပဲ ဂျူးလူမျိုးပါ ဖြစ်နေသည်ကို သိခဲ့သည်။ ရှမာရိလူများသည် ဂျူးများနှင့် ဂျူးမဟုတ်သောလူများဖြင့် ဘာသာရေး ယုံကြည်မှု အယူအဆများ ရောနှောထားသည့် သူများ ဖြစ်ကြသည်။ ဂျူးလူများနှင့် ရှမာရိလူများက အချင်းချင်း အထင်သေးတတ်ကြသည်။ သို့သော် ထိုလူမျိုးစု နှစ်ခုစလုံးသည် သူတို့၏ အပြစ်များကို ခွင့်လွှတ်ပေးမည့်သူ ကယ်တင်ရှင် မေရှိယကြွလာတော်မူခြင်းကို မျှော်လင့် စောင့်စားနေ ကြသူများ ဖြစ်သည်။ အမျိုးသားတစ်ဦးဖြစ်သူ ယေရှုသည် သူတို့၏ယဉ်ကျေးမှု ကန့်သတ်ချက်ကို ကျော်လွှန်၍ အမျိုးသမီးအား လှမ်းစကားပြောသည့်အခါ ထိုမိန်းမအတွက် အလွန်ပင် အံ့အားသင့် ခဲ့ရသည်။ ဇာတ်လမ်း၏ အဆုံးသတ်ပိုင်းတွင် ဖယ်ကြဉ်ခံရသော ရှမာရိအမျိုးသမီးမှာ ယေရှု၏ ပထမဆုံး ငါသည် မေရှိယဖြစ်ကြောင်း အတိအလင်း ထင်ရှားဖော်ပြခံရသောသူ ဖြစ်လာခဲ့သည်။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄** - ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ယေရှုက ထိုမိန်းမ၏အတိတ်အကြောင်း အလုံးစုံကို သိရှိရခြင်းမှာ မည်သည့်အတွက်ကြောင့် လိုအပ်ပါ သနည်း။*
*၃။ ယေရှုက အမျိုးသမီး၏ ဘဝအကြောင်းနှင့် အတိတ်က အပြစ်များအားလုံးကို ပြောပြသောအခါ သူမက မည်သို့ခံစားရမည်ဟု သင်ထင်ပါသလဲ။*
*၄။ ယေရှုက ရှမာရိအမျိုးသမီးအား စကားပြောနေသည်ကို တပည့်တော်များ မြင်ကြသောအခါ သူတို့၏အာဃာတတရားမှာ အဘယ်သို့ ပေါ်လွင်ခဲ့သနည်း။ ၎င်းက ယေရှုအကြောင်း မည်သို့ ဆိုလိုပါသနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)….**
*၅။ ဇာတ်လမ်းထဲတွင် ယေရှုက သူ၏တပည့်တော်များအား မည်သည့်အရာကို သင်ပေးလိုသည်ဟု သင်ထင်ပါသလဲ။*
*၆။ ယေရှုက သူသည် ကတိတော်ထားသော မေရှိယဖြစ်ကြောင်း ပြောပြသောအခါ အမျိုးသမီးက မည်သည့်အရာကို လုပ်ခဲ့သနည်း။*

### နိဂုံး

သင်၏ အရှက်တကွဲဖြစ်ခြင်းများ၊ ကတိကအောက်ဖြစ်စရာ အခက်တွေ့မှု အခိုက်အတန့်များ၊ ဆုံးဖြတ်ချက် ချမှားသည့်အရာ စသည့် သင့်အတိတ်အကြောင်းအရာ အလုံးစုံတို့ကို ယေရှုသိရှိ ထားသည်ဟု ဆိုခြင်းမှာ မည်သို့ဆိုလိုကြောင်းကို ဆင်ခြင်ကြည့်ပါ။ ထိုသို့သော အခြေအနေမဲ့ ဖြစ်နေသော အမှုအရာများထဲ၌ပင် ယေရှုက သင့်အား ဂုဏ်သရေရှိသော၊ ဂုဏ်သိက္ခာရှိသောသူ အဖြစ် ရှုမြင်သည့် အမှန်တရားကို  ယခုစဉ်းစားကြည့်ပါ။ သင်တစ်ယောက်တည်းတင် မဟုတ်ပဲ သင်မထီလေးစားပြုသည့် သူများကိုပင် ယေရှုက မြင်တွေ့ပါသည်။ လူအားလုံး သူ့အား သိကျွမ်းနိုင်စေဖို့ သူ၏အလိုတော်အပေါ် စဉ်းစားဆင်ခြင်ပါ။ ယေရှုကို သိမှတ်ယုံကြည်ပါ။

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၆ - **အနာငြိမ်းခြင်းနှင့် ပြန်လည်ကျန်းမာခြင်း**

**The Woman With the Issue of Blood** (လုကာ ၈:၄၀-၄၈)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရှုပါရုံချမှတ်ခြင်း

• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

သင်ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအနာတရကို ဖြစ်နိုင်သည့် နည်းလမ်းမျိုးစုံဖြင့် ဖယ်ရှားပစ်ရန် အလွန်လိုချင်တောင့်တမှုမျိုး ခံစားရဖူးပါသလား။ အဘယ်သူမျှ သတိမထားမိစေဘဲ ယေရှု၏ဝတ်လုံကို ထိရုံကာမျှဖြင့် နှစ်ပေါင်းများစွာ ကုသလာခဲ့သည်ပင် ပို၍ဆိုးရွားလာသည့် သွေးသွန်နေသော ရောဂါထဲမှ ပျောက်ကင်းစေဖို့ ဤဇာတ်လမ်းရှိ အမျိုးသမီးငယ်က မျှော်လင့်ခဲ့ပါသည်။ ထိုသို့သွေးသွန်နေခြင်းသည် ထိုစဉ်က ဘာသာရေးပညတ်ချက်အရ မစင်ကြယ်သောသူအဖြစ် သတ်မှတ်ခံရပြီး လူများဝိုင်းကြဉ် ခံရသော အပယ်ခံအဖြစ် ရှိစေသည်။ မာရိနှင့် အခြားသူများက အနားမှာရပ်နေကြသောအခါ အမျိုးသမီးငယ်က ယေရှု၏ ဝတ်လုံကိုထိဖို့ လူပုံအလယ်သို့ အရဲစွန့်သွားရန် ဆုံးဖြတ်ခဲ့သည်။ မည်သို့ဖြစ်ပျက်ခဲ့သည်ကို ကြည့်ပါ။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ -** ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ယေရှုက အမျိုးသမီးအား လူအများရှေ့တွင် မိမိကိုယ်ကို ဖော်ပြစေသည်မှာ အဘယ်ကြောင့်ဟု သင်ထင်ပါသလဲ။*
*၃။ အမျိုးသမီး၏ ဝန်ခံခြင်းအပေါ် ယေရှု၏ တုံ့ပြန်မှုက မည်သည့်အတွက်ကြောင့် အရေးပါသနည်း။*
*၄။ သင်သည်  ဤဇာတ်လမ်းထဲတွင် ထိုအမျိုးသမီးငယ် ဖြစ်သည်ဟု မြင်ယောင်ကြည့်ပါ။ အနာငြိမ်းခြင်း ခံရသည့် အခိုက်အတန့်တွင် အဘယ်သို့ ပထမဆုံး ခံစားရမည်နည်း၊ ယေရှုအပေါ် မည်သို့ စိတ်ခံစားမှု ရှိမည်နည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၅။ အဘယ်သူမျှ မလုပ်ဆောင်နိုင်သောအရာကို ယေရှုလုပ်ဆောင်နိုင်သည်ဟု ဆိုခြင်းမှာ အဘယ်အရာကို ဆိုလိုသနည်း။*
*၆။ ယေရှု ရှေ့မှောက်တွင် အမျိုးသမီး၏ အသက်တာသည် အဘယ်သို့ ဖြစ်လိမ့်မည်ဟု သင်ထင်ပါသလဲ။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

လူပုံအလယ်ထဲတွင် အမျိုးသမီးငယ်က ယေရှု၏ဝတ်လုံကို ထိဖို့ လှမ်းခဲ့သည်။ ဝတ်လုံကို ထိလိုက်သည်နှင့် သူမ၏ခန္ဓာကိုယ်ပေါ်၌လည်း အသစ်တဖန် ကျန်းမာခြင်းသို့ ခံစားခဲ့ရသည်။ သူမက ကျန်းမာခြင်းပကတိ ရရှိသွားပါပြီ။ သူမ၌ စိတ်အေးသက်သာရာ ရခဲ့ခြင်းနှင့် ကျေးဇူးတင်ခြင်းအတွက် မည်မျှပင် ခံစားရလိမ့်မည်ကို မြင်ယောင်ကြည့်ပါ။ ယေရှုက "ငါ့သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ။ ငြိမ်ဝပ်စွာ သွားလော့" ဟုမိန့်တော်မူသည်။ ယေရှု၏ စကားတော်အပေါ် စဉ်းစားဆင်ခြင်ပါ။ သူမက ကိုယ်ကိုဝန်ခံလာပြီးသည့်အချိန်၌သာ ယေရှုက ထိုသို့မိန့်တော်မူခြင်း ဖြစ်သည်။ သူမအား မသန့်ရှင်းသောသူအဖြစ် သတ်မှတ်ကြသည့် လူပုံအလယ် အများရှေ့တွင် ယေရှုက သူမကို ငါ့သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ ဟုမိန့်ဆိုခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့ခံစားနေရသည့် နာကျင်မှုများ၊ ထိခိုက်မှု များကို ဂရုစိုက်တော်မူသည်။ ကျွန်ုပ်တို့၏ ကျိုးပဲ့ကြေမွမှုနှင့် အရှက်ကွဲခြင်းတို့မှ ဖြည့်ဆည်း ပေးချင်သော ဘုရား ဖြစ်သည်။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၇ - အရှက်ကွဲခြင်းနှင့် ဂုဏ်ပြုခံရခြင်း

## The Adulterous Woman Forgiven (ယောဟန် ၈:၁-၁၁)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း
• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း
• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း
• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း
• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

ယေရှု၏ အချိန်ကာလတွင် ဘာသာရေးခေါင်းဆောင်များသည် “မောရှေ၏ပညတ္တိကျမ်း” ဟုခေါ်သော စည်းမျဉ်းသတ်မှတ်ချက်၊ ဥပဒေသများအပေါ်တွင်သာ အလေးထားခဲ့ကြသည်။ လူများသည် ဘုရားသခင်နှင့် ဆက်နွယ်မှု ရရှိစေရန်အတွက် ပညတ္တိကျမ်းကို အပြည့်အဝ လိုက်နာရသည်။ စိတ်မကောင်းစရာမှာ မည်သူကမျှ ထိုပညတ္တိကျမ်း၏ တောင်းဆိုချက်များကို အကုန်အစင် မလိုက်လျှောက်နိုင်ကြပါ။ အကြောင်းမှာ ကျွန်ုပ်တို့အားလုံး တူညီသော ပြဿနာ အပြစ် ရှိကြခြင်းကြောင့် ဖြစ်သည်။ ဟေဗြဲဘာသာ၌ အပြစ် သည် “ကျရှုံးခြင်း” သို့မဟုတ် “ပန်းတိုင်ကို လွဲချော်ခြင်း” ဟုဆိုလိုသည်။ ပညတ္တိကျမ်း၏ တောင်းဆိုချက်များအတိုင်း ဆိုရလျှင် ကျွန်ုပ်တို့အားလုံးသည် အပြစ်ရှိသောသူ၊ သေထိုက်သောသူ ဖြစ်ကြသည်။ ကယ်တင်ရှင် မရှိပါက ကျွန်ုပ်တို့အားလုံး လုံးလုံးပျက်စီးကြရမည်။ သို့သော်လည်း ယေရှုက လောကသို့ ဆင်းကြွလာ၍ ကျွန်ုပ်တို့၏ အပြစ်အတွက် အပြစ်ဒဏ်ကို ကျွန်ုပ်တို့၏ နေရာအစား ကိုယ်တိုင် ဆပ်ပေးခဲ့သည်။ ဤဇာတ်လမ်းထဲတွင် အပြစ်ရှိသော အမျိုးသမီးကို ယေရှုရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို ကြည့်ပါ။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ -** ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*

*၂။ ပညတ်တော်အတိုင်း သူတစ်ပါးသားမယားနှင့် ပြစ်မှားသည်ကို တွေ့ရသော ယောကျ်ား၊ မိန်းမတို့သည် အပြစ်ဒဏ်ပေးခြင်းကို ခံရမည်။ သို့သော်လည်း မိန်းမကိုသာ ယေရှုထံ ခေါ်ဆောင်လာခဲ့ကြသည်။ မည်သည့်အတွက်ကြောင့် မိန်းမတစ်ဦးတည်းကိုသာ တရားစီရင် ခံရဖို့ ခေါ်ဆောင်လာခဲ့ကြသည်ဟု သင်ထင်ပါသလဲ။*

*၃။ မည်သည့်အတွက်ကြောင့် ထိုအရေးပါမှုကို ဘာသာရေးခေါင်းဆောင်များနှင့် မိန်းမ နှစ်ဦးစလုံးအပေါ် ယေရှုတုံ့ပြန်ပေးသနည်း။*

*၄။ ယေရှုက “ငါသည်လည်း သင်၏အမှုကို မစီရင်” ဟုမိန့်ကြားတော်မူသည်ကို အမျိုးသမီးကြားသည့် အခါ မည်သို့ခံစားရမည်ဟု သင်ထင်ပါသလဲ။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**

*၅။ ယေရှုက မည်သည့်အတွက်ကြောင့် ထိုသို့တုံ့ပြန်ရသည်ဟု သင်ထင်ပါသလဲ။ အနီးရှိလူများအား အဘယ်အရာကို ယေရှုနားလည်စေလိုသည်ဟု သင်ထင်ပါသလဲ။*

*၆။ သင်သည် ထိုဘာသာရေးခေါင်းဆောင်များ နေရာတွင်ရှိသည် ဆိုပါစို့၊ ယေရှု၏ မိန့်တော်မူချက် အပေါ် အဘယ်သို့တုံ့ပြန်လိမ့်မည်နည်း။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး
အမျိုးသမီးနှင့် ဘာသာရေးခေါင်းဆောင်များထံ ယေရှုတုံ့ပြန်ခဲ့သည့်ပုံစံကို ဆင်ခြင်ကြည့်ပါ။ ယေရှုက ထိုလူများသည် အမျိုးသမီးအား သူ့ထံသို့ ခေါ်ဆောင်လာခဲ့ခြင်းမှာ သူမအတွက် စာနာပေးသောကြောင့် မဟုတ်ဘဲ သူမကိုအရှက်ခွဲစေရန်နှင့် သူ့ကိုလည်း ထောင်ချောက်ထဲ တွန်းပို့စေရန်သာ ဖြစ်သည်ကို သိရှိခဲ့သည်။ ယေရှုက ထိုအမျိုးသမီး၏ အပြုအမူအတွက် ခွင့်လွှတ်ခြင်း သို့မဟုတ် ဘာသာရေးခေါင်းဆောင်များနှင့် သူ့ကိုယ်သူ တစ်သားတည်း ဖြစ်ခြင်းတို့ကို မရွေးချယ်ခဲ့ပါ။ သူက ထိုသူတို့အားလုံးကို ပညာရှိရှိ စီရင်ပေးခဲ့သည်။ ယေရှု၏ စိတ်နှလုံးက ထိုနှစ်ဖွဲ့စလုံးကို နောင်တရစေဖို့ မည်သို့ ဦးတည်စေခဲ့သည်ကို ဆင်ခြင်ကြည့်ပါ။ ယေရှုသည် ဘုရားဖြစ်သောကြောင့် ဘုရားသခင် တစ်ပါးတည်းသာလျှင် လုပ်ဆောင် နိုင်သောအရာဖြစ်သည့် အပြစ်ကို ခွင့်လွှတ်ပေးနိုင်သော ဘုရားဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုနောက်လိုက်များ ဖြစ်ရန် ရွေးချယ်ကြသောအခါ သူက ကျွန်ုပ်တို့ကို ခွင့်လွှတ်ပေးပြီး သူ့အထဲ၌ အသစ်သော အသက်တာကို ပေးသနားပါသည်။ ယေရှုကို သိမှတ်ယုံကြည်ပါ။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း
• ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
• ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း
• အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း
• ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း
• သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
• အချင်းချင်းအတွက် ဆုတောင်းပါ။
• ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# အဆင့် ၈ - ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း

## Magdalena Explains Jesus' Death and Resurrection (မဿဲ ၂၇-၂၈)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း
• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း
• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း
• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း
• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

အပေါ်ကြည့်ခြင်း

ယေရှုသေဆုံးသည့် ညတွင် အမျိုးသမီးများသည် ယေရှု၏အလောင်းတော်အဘို့ ဆေးစီရင်ရန် အမွှေးနံ့သာနှင့် နံ့သာဆီများကို ပြင်ဆင်ဖို့ အိမ်သို့အလျှင်အမြန် ပြန်လာခဲ့ကြသည်။ နောက်နေ့တွင် သူတို့သည် ဥပုသ်နေ့ကို စောင့်ခဲ့ကြပြီး သခင်၏အလောင်းတော်ကို နောက်တစ်နေ့ ပြန်သွားကြည့်နိုင်ရန် မျှော်လင့်စောင့်စားနေခဲ့ကြသည်။ ယေရှု၏ ရိုက်နှက်ခံရခြင်းအပေါ် ပြန်လည်အမှတ်ရကြသောအခါ သူတို့၏ မျက်ရည်များ စီးကျလာပြီး သူတို့၏စိတ်ထဲတွင် သခင်၏သေခြင်းကို ပြန်လည်မြင်ယောင်လာကာ သူတို့စိတ်နှလုံးလည်း နာကျင်ခံစားလာခဲ့ကြသည်။ သူတို့၏ အချစ်ရဆုံး မိတ်ဆွေ၊ သူတို့ကို ကာကွယ်ပေးသူ၊ သူတို့၏ ရှင်ဘုရင်သည် ယခုမှာ သေဆုံးသွားခဲ့သည်။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄** - ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ဇာတ်လမ်းထဲက မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံး ဖြစ်ပါသလဲ။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်များက ယေရှု၏ အသေခံခြင်းအကြောင်း ကြိုတင်နိမိတ် ဟောခဲ့ခြင်းမှာ အဘယ်ကြောင့် အရေးပါသနည်း။*
*၃။ မာရိက ကျွန်ုပ်တို့၏ အပြစ်ကြောင့် ကျိန်ခံရခြင်းနှင့် သေခြင်းကို ပြောပြခဲ့သည်။ ထိုအရာ နှစ်ခုစလုံးအပေါ် ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းက မည်သို့ အောင်နိုင်စေသနည်း။*
*၄။ မာရိက Rivka အား "သင်သည် အထူးချစ်ခင်ရသည့် သမီး ဖြစ်သည်" ဟုဆိုခဲ့သည်။ ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်၏ အထူးချစ်ခင်ရသည့် သူများအဖြစ် မည်သို့ဖော်ပြစေသနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)….**
*၅။ ယေရှုသေဆုံးပြီးနောက် မာရိနှင့် တပည့်တော်များထံ ကြိမ်ဖန်များစွာ ကိုယ်ထင်ပြ ရခြင်းသည် မည်သည့်အတွက် အထူးအရေးပါရသနည်း။*
*၆။ ဆာလံ ၂၂ ကိုအတူတကွ ဖတ်ပါ။ မည်သည့်ကျမ်းပိုဒ်က ယေရှုအား မေရှိယအဖြစ် အတည်ပြု ပေးထားသနည်း။*
*၇။ ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြား သုံးရက်ကြာခဲ့သည်။ ယေရှုသေဆုံးသွား သည့်အခါ သူ၏တပည့်တော်များက မည်သို့ ခံစားကြမည်ဟု သင်ထင်ပါသလဲ။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး
ပရောဖက် ဟေရှာယ ရေးထားသောစာကို ဆင်ခြင်ကြည့်ပါ၊ "ထိုသူသည် ငါတို့ လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏" (ဟေရှာ ၅၃:၅)။ ယေရှုက လူများကို ချစ်မြတ် နိုးခဲ့သည်။ သူသည် လူတို့ကို အလွန်နက်နက်နဲနဲ လုံးဝမြတ်နိုး တန်ဖိုးထားသည့်အတွက် သူသည် ကျိန်ခြင်းကို ခံရကာ ဘုရားသခင်နှင့် ဝေးကွာသွားခြင်း ခံရပြီး ကျွန်ုပ်တို့အတွက် အသေခံပေးခဲ့သည်။ သေခြင်းမှ ရှင်ပြန်ထမြောက်သောအခါ သူသည် လုံးဝစစ်မှန်သော ဘုရားဖြစ်ကြောင်း သက်သေပြခဲ့သည်။ ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတွင် ဖော်ပြသည့် သနားကြင်နာခြင်းနှင့် တန်ခိုးတော်ကို ဆင်ခြင်ပါ။ ယေရှုကို သိမှတ်ယုံကြည်ပါ။

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း
- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူအဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင်မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း
- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း
- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင်ဝေငှမည်နည်း။

### ဆုတောင်းခြင်း
- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# အဆင့် ၉ - ယေရှုကို သိကျွမ်းခြင်းနှင့် သူ၏ခွင့်လွှတ်ခြင်း

## Rivka Believes (လုကာ ၂၄:၃၆-၅၀)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

- သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
- ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

- သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

- အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

- အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

မာရိက ဘုရားသခင်၏အကြောင်း တင်ဆက်ခြင်း နောက်ဆုံးအပိုင်းသို့ ရောက်လာပါပြီ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို သိကျွမ်း၍ မြင်တွေ့တော်မူသည်။ သူသည် ကယ်တင်ရှင်၊ အသွေးအသားနှင့် ရှိသောဘုရား၊ လွတ်မြောက်ခြင်းကို ပေးသူ၊ အပြစ်ကျွန်ထဲမှ ရွေးနုတ်သော သူလည်း ဖြစ်သည်။ သူသည် သေသောသူကို အသက်ပြန်ရှင်စေနိုင်သော တန်ခိုးနှင့်ပြည့်စုံသူ၊ လူတို့၏ အနက်ရှိုင်းဆုံး ဝမ်းနည်းပူဆွေးမှုကိုပင် ထိတွေ့၍ သနားကြင်နာ ပေးနိုင်သော ဘုရားဖြစ်သည်။ သူသည် လွတ်မြောက်ခြင်းအခွင့်အာဏာနှင့် ရွေးနုတ်ခြင်းအလုံးစုံ ပိုင်သသောသူ၊ ကျွန်ုပ်တို့၏ အရက်တကွဲဖြစ်ခြင်း၊ စိုးရိမ်ခြင်း အမှုအရာများကို ကယ်လွတ်ပေး နိုင်ပါသည်။ သေခြင်း၌ပင် သူ၏စကားတော်သည်သာ နောက်ဆုံးနှင့် အဆုံးသတ် ဖြစ်သည်။ ယေရှုထံ Rivka ၏ တုံ့ပြန်ချက်ကို ကြည့်ပါ။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄** - ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ မာရိ၏ ယေရှုအသက်တာအပေါ် တင်ဆက်မှုတွင် သင်အနှစ်သက်ဆုံးအရာမှာ အဘယ်အရာနည်း။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ယေရှု၏ မည်သည့်ဂုဏ်အင်္ဂါတော်က သင့်အတွက် အထူးလေးနက်စေသနည်း။*
*၃။ ဘုရားသခင်ထံ ကျွန်ုပ်တို့အပြစ်က မည်သို့ သင့်မြတ်စေသနည်း။*
*၄။ Rivka က သူမသည် အပြစ်လွတ်ခြင်း ခံရမည်၊ မခံရမည်ကို မသေချာခဲ့ပါ။ မည်သည့် အတွက်ကြောင့် သူမ၏ မည်သို့ ခံစားရမှုနှင့် ကျင့်ကြံမှုပြုခြင်းအားဖြင့် မဟုတ်ဘဲ ဘုရားနှုတ်ကပတ်တော်နှင့် သူ၏ ခွင့်လွှတ်ခြင်းအပေါ် လုံးလုံးလျားလျား ကိုးစားယုံကြည်မှုက အရေးပါသနည်း။*
*၅။ Rivka နှင့်အတူ ဆုတောင်းသောသူ ရှိပါသလား။ တစ်ယောက်ယောက်က ထိုသို့ ဆုတောင်းလိုပါသလား။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၆။ ယေရှုနောက်လိုက်သူ တစ်ယောက်အနေဖြင့် မိမိတို့၏ ကယ်တင်ခြင်းစိတ်ချမှုသည် အဘယ်ကြောင့် အလွန် အရေးကြီးသနည်း။*
*၇။ Rivka ၏တုံ့ဆိုင်းနေမှုကဲ့သို့ ဆက်စပ်နေပါသလား။ ထိုသို့ဖြစ်ပါက သင်၏ပူပန်ကြောင့်ကြမှု သို့မဟုတ် တုံ့ဆိုင်း နေမှုကို ဝေမျှပါ။*
*၈။ သင့်ဘဝအသက်တာကို ယေရှုထံ အရှုံးပေးအပ်နှံဖို့ ယခုစဉ်းစားနေပါသလား။*

**နိဂုံး**

ဤရုပ်ရှင်အပိုင်းတွင် ကျွန်ုပ်တို့သည် Rivka ၏ယေရှုနောက်လိုက်ရန် ဆုံးဖြတ်ချက်ကို ကြည့်ခဲ့ကြသည်။ ယေရှုနောက်လိုက်ခြင်း၏ သက်ရောက်မှုများနှင့် သင့်ဘဝအတွက် ဘာဆိုလိုသည်ကို စဉ်းစားကြည့်ပါ။ အပြစ်ထဲမှ လွတ်မြောက်လိုသော ဆန္ဒရှိပါသလား။ ခွင့်လွှတ်ခြင်းနှင့် ရွေးနုတ်ခြင်း ခံစားလိုပါသလား။ အလုံးစုံ မြင်တွေ့၍ သိကျွမ်းခံရ လိုပါသလား။ တစ်စုံတစ်ယောက်ကို အမှီတဟဲ ပြုလိုပါသလား။ စစ်မှန်သော ယုံကြည်ခြင်းနှင့် ရိုးသားစွာ အပြစ်အတွက် ဝမ်းနည်းနေသောသူဖြစ်ဘို့ ကျွန်ုပ်တို့ကို ယေရှုတောင်းဆိုနေပါသည်။ သူ့ထံပါးသို့ သင်ဝင်ရောက်လာသည်နှင့်တပြိုင်နက် စိတ်ချမှု ခံစားရမည်မှာ သင်၏ ယုံကြည်ခြင်းအပေါ် ယခုနှင့် ထာဝရကာလတိုင် မြင်တွေ့၍ ဂုဏ်ယူနေမည် ဖြစ်သည်။ ယခုသင်သည် ယေရှုကို သိမှတ်ယုံကြည်ပြီး ဆုံးဖြတ်ချက် ချမှတ်ဖို့ အချိန်ဖြစ်သည်။ သူ့နောက်သို့ လိုက်မည်လား။

** ဦးဆောင်သူအတွက် မှတ်ချက် - လူများ ယေရှုနောက်သို့ လိုက်နိုင်ရန် ဆုံးဖြတ်ချက် ချမှတ် နိုင်ဖို့ အခွင့်အရေးပေးခြင်းသည် အထူးအရေးကြီးသည်။ “Rivka နှင့်အတူ ဆုတောင်းကြ သောသူ ရှိပါသလား” ဟုအဖွဲ့အား မေးမြန်းတတ်ဖို့ အထူးသတိပြုပါ။ တစ်ယောက်ယောက်က ဆုံးဖြတ်ချက် ချလိုပါသလား။ အဖွဲ့၏ အပြင်ဘက်တွင် အမျိုးသမီး တစ်ဦးချင်းစီအား ထိတွေ့ မေးမြန်းခြင်းသည် အထူးသင့်တော်ပါသည်။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူ အဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင် မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင် ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# သင်ခန်းစာ ၁၀ - ယေရှုနှင့်အတူ အသက်ရှင်ခြင်း

## Living the Christian Life (မဿဲ ၂၈:၁၈-၂၀)

ပြန်ကြည့်ခြင်း

### ဂရုစိုက်ခြင်း

• သင်မည်သို့လုပ်ဆောင်နေသည်ကို ပြောပြပါ။
• ရက်ရောခြင်းကို လက်တွေ့ကျင့်သုံးပါ။

### ဝတ်ပြုကိုးကွယ်ခြင်း

• သီချင်းဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် အတူတကွ ကိုးကွယ်ခြင်း။

### သစ္စာတော်အတွက် ကျေးဇူးတော်ရေတွက်ခြင်း

• အောင်မြင်ခြင်းဖြင့် အချင်းချင်း တိုက်တွန်းအားပေးပါ။

### ရူပါရုံချမှတ်ခြင်း

• အချင်းချင်း ခရစ်တော် နောက်လိုက်သူများအဖြစ် ဆက်ကပ်ဖေးမကြဖို့ တိုက်တွန်းပါ။

---

အပေါ်ကြည့်ခြင်း

မာရိ၏ အသက်တာ ပြောင်းလဲခြင်း ခံရသကဲ့သို့ ယေရှုနောက်သို့ လိုက်ခြင်း ဟူသည် သင့်ကိုလည်း ထိုသို့ ပြောင်းလဲစေမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ကောင်းမြတ်ခြင်း၊ မျှော်လင့်ခြင်းနှင့် ဂုဏ်အသရေရှိရှိ အသက်ရှင်နိုင်ဖို့ သူ၏သက်သေကို သယ်ဆောင်ရန် သာ၍ကြီးမြတ်သော အဖြစ်သို့ ခေါ်တော်မူသည်။ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော အသက်ရှင်သော သူ၏စကားတော်ကို အခြားသူများလည်း ပြောင်းလဲစေဖို့ ဝေငှသက်သေခံရန် ခေါ်ပါသည်။ သူသည် ကျွန်ုပ်တို့အတွက် ရှိနေကြောင်းကို သိမှတ်ကာ သူ၏ပညတ်တော်နှင့် စကားတော်အပေါ် ကိုးစားယုံကြည်စေရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့၏ အရှိအတိုင်း ဖြစ်ကြောင်းကုန်စင် သိရှိနားလည်ပေးသည်ကို သိမြင်ကာ သူ့ထံပါးသို့ ဘေးကင်းလုံခြုံစွာ အနားယူတတ်စေဖို့ ကျွန်ုပ်တို့ကို ခေါ်ပါသည်။

**အဆင့် ၁ - ပြသခြင်း။** ရုပ်ရှင်အပိုင်းကို နှစ်ကြိမ် ကြည့်ပါ။
**အဆင့် ၂ - ပြောပြခြင်း။** အဖွဲ့ဝင် တစ်ဦးအား မိမိကိုယ်ပိုင်စကားလုံးဖြင့် ရုပ်ရှင်အပိုင်း အကြောင်းအရာကို ပြောပြရန် တောင်းဆိုပါ။
**အဆင့် ၃ - ပြီးမြောက်ခြင်း။** ဇာတ်လမ်းထဲတွင် လိုအပ်ချက်ကို ထပ်ဖြည့်ပြောပြပေးဖို့ လူများကို ဖိတ်ခေါ်ပါ။
**အဆင့် ၄ -** ဆွေးနွေးခြင်း။ မေးခွန်းများ ဆွေးနွေးခြင်း -

*၁။ ခရစ်ယာန်အသက်တာ၏ ခေါ်ခြင်းအပေါ် မည်သည့်အချက်ကို အနှစ်သက်ဆုံး ဖြစ်ပါသနည်း။ သင့်အား စိတ်ဝင်စားစေသည့် အချက်ကား အဘယ်အရာနည်း။*
*၂။ ယေရှုနောက်သို့ လိုက်ခြင်းမှာ မည်သို့အရာနှင့် တူပါသနည်း။*
*၃။ ယေရှု၏ နောက်ဆုံးစကားတော်က သင့်အား မည်သို့သက်ရောက်စေသနည်း။*
*၄။ သင့်ဘဝအသက်တာရှိ မည်သည့်အပိုင်းတွင် ယေရှုက သင့်ကိုပြုပြင် ပြောင်းလဲစေချင် ပါသနည်း။*

**အတွင်းကျကျ ဆက်ဆွေးနွေးခြင်း (အချိန်ရရှိပါက ဆွေးနွေးချိန် များများပေးပါ)....**
*၅။ သင့်ဘဝကို ယေရှု ပြုပြင်ပြောင်းလဲပေးစေရာတွင် မည်သည့်အရာကို အကြောက်ရွံ့ဆုံး ဖြစ်သနည်း။*
*၆။ ယေရှု၏ စကားတော်က သင့်အား မည်သို့စိန်ခေါ်မှု ပေးသနည်း။*

ဒီ QR ကုဒ်ကို အသုံးပြုပြီး သင့်ဘာသာစကားဖြင့် သင့်စမတ်ဒီဗိုက်စ်ပေါ်မှာ အပိုင်းကို ကြည့်ရှုနိုင်ပါသည်။

### နိဂုံး

တပည့်တော်များထံ ယေရှု၏ နောက်ဆုံးစကားလုံး အမိက ၃ ချက်ကို ပြန်လည်ဆင်ခြင်ပါ။ ယေရှုက သူသည် ကောင်းကင်ဘုံ၊ မြေကြီးပေါ်၌ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ခံရပြီဟု မိန့်တော်မူသည်။ သူက သွား၍တပည့်တော်ဖြစ်စေကာ ပေးသမျှသော ပညတ်တော် တို့ကို စောင့်ရှောက်စေရန် ဆုံးမဩဝါဒပေးဖို့ မိန့်မှာခဲ့သည်။ သူသည် ကပ်ကမ္ဘာ ကုန်သည့် တိုင်အောင် ကျွန်ုပ်တို့နှင့်အတူ ရှိမည်အကြောင်း ကတိတော်ထားရှိသည်။ ယေရှု၏ နောက်ဆုံး မိန့်မှာချက်၊ ပညတ်တော်နှင့် စိတ်ချယုံကြည်မှုတို့ကို သုံးသပ်ဆင်ခြင်၍ သင့်ဘဝအတွက် မည်သို့ဆိုလိုကြောင်း စဉ်းစားပါ။ ယေရှုကို သိမှတ်ယုံကြည်ပါ။

သင်သည် ယေရှုနောက်သို့ လိုက်ရန် အဆင်သင့်ဖြစ်သည်၊ မဖြစ်သေးသည် ဖြစ်ပါစေ သူ့နောက်သို့ မည်သို့လိုက်ရမည် ဟူသော သူ့အကြောင်းကို ဆက်လက်လေ့လာလိုပါသလား။ သင့်ဝိညာဉ်ရေး ခရီးလမ်းတွင် အတူတကွ ကြီးထွားရှင်သန်ပြီး ဆက်လက် လေ့လာနိုင်စေမည့် အခွင့်အလမ်းများစွာ ရှိပါသေးသည်။ *ယေရှုကို သိမှတ်ယုံကြည်ခြင်း* ကို ဤနေရာတွင် နိဂုံးချုပ်ထား သော်လည်း နောက်ထပ်လေ့လာနိုင်မည့် ခြေလှမ်းများစွာ ရှိပါသည်။ နောက်ထပ် ခြေလှမ်းမှာ အဘယ်သို့ဖြစ်လိမ့်မည်ကို တစ်ဦးစီ အတူတကွ ဆွေးနွေးပါ။ *Rivka* နှင့် *ယေရှုကို သိကျွမ်းခြင်း* သည် Jesus Film Project ၏ နောက်ထပ် ခြေလှမ်းများ ဖြစ်ကြပါသည်။ ဤစာအုပ်ထဲရှိ ပါဝင်သော အချက်အလက်များသည် ဦးဆောင်သူ လမ်းညွှန် အဆင့်လေးဆင့် ထဲမှ ဖြစ်သည်။ **သင်သည် အခြားသူများထံ သင်ယူခဲ့သည့်အကြောင်းအရာကို ဝေငှပြီး သင့်ကိုယ်ပိုင် *ယေရှုကို သိမှတ်ယုံကြည်ခြင်း* အဖွဲ့အား စတင်လုပ်ဆောင် လိုပါလိမ့်မည်။ သင့်အတွက် ရှေ့ဆက်သင့်သည့် ခြေလှမ်းကောင်း တစ်ခုဖြစ်ပါက သင့်အဖွဲ့ ခေါင်းဆောင်ထံ အကြံဉာဏ် ရယူပြီး ပံ့ပိုးမှုကို ရယူပါ။**

---

ရှေ့ကြည့်ခြင်း

### လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သူသည် ကိုးစားယုံကြည်ထိုက်သောသူ အဖြစ် မည်သို့ ကိုယ်ကိုဖော်ပြသနည်း။
- ဘုရားသခင်အကြောင်း သင်ယူခဲ့သည့်အရာအပေါ် သင် မည်သို့ လက်တွေ့ လုပ်ဆောင် မည်နည်း။

### လက်တွေ့လေ့ကျင့်ခြင်း

- အချင်းချင်း ဇာတ်လမ်းအကြောင်းအရာ ပြောပြခြင်းကို လက်တွေ့လေ့ကျင့်ပါ။

### သတင်းကောင်းဝေငှခြင်း

- ဤဇာတ်လမ်းအကြောင်းအရာကို မည်သူတို့ထံ သင် ဝေငှမည်နည်း။

### ဆုတောင်းခြင်း

- သင်ယူခဲ့သည့်အရာအပေါ် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါ။
- အချင်းချင်းအတွက် ဆုတောင်းပါ။
- ပတ်ဝန်းကျင်ရှိ လူများအတွက် ဆုတောင်းပေးပါ။

# ယေရှုကို သိမှတ်ယုံကြည်ခြင်း

သာသနာအဖွဲ့ငယ် အတွက် ၁၀ ပတ်တာ နည်းဗျူဟာ

Jesus Film Project®
A Cru Ministry